

(စာစဉ် - ၁၇)

# ပြန်လည်မွေးဖွားလာသော ယောက္ခမဆိုး

ဘာသာပြန် Miracle Phyu

## အခန်း ( ၃၅၁ )
## " ရှင် ကျွန်မအပေါ် ခံစားချက် ရှိနေတာလား" ( ၁ )

*

စီးပွားရေးလောက အတွင်း အထူးသဖြင့် အမျိုးသားတွေ ကြားမှာ လူတွေအား လက်ဆောင် အဖြစ် ရခြင်းကို လုံးဝ မကြားဖူးတာ မဟုတ်ပေ။

လှပတဲ့ ချစ်သူတွေဆိုတာ သူတို့ စိတ်ထဲမှာတော့ တစ်ယောက်ကို တစ်ယောက် ပေးနိုင်တဲ့ ဆင်ခြင်ဉာဏ် မရှိသော အဖိုးတန် လက်ဆောင်တွေထက် ဘာမှ မပိုသလိုပါပဲ။

အပြန်အလှန် အပေးအယူ ဆက်ဆံရေး တစ်ခုလိုမျိုး နားလည်ထားပြီး ဘယ်သူမှ ထိုအရာ အကြောင်း မဝေဖန်နိုင်ကြပါဘူး။ သူမရဲ့ ခင်ပွန်းဟောင်း လီဝမ့်ကျင်းက သူမကို အဲဒီလို ရူးကြောင်ကြောင် အရာအကြောင်း အကြိမ်ပေါင်း များစွာ ပြောပြဖူးသည်။ သူမကို သူ အလွန် သစ္စာရှိတယ် ဆိုတဲ့ အချက်ကို အထောက်အကူဖြစ်စေရန် အတွက် လှပသော အမျိုးသမီးများကို မရေမတွက်နိုင်အောင် လက်ဆောင်ရဖူးကြောင်းနဲ့ သူတို့ကို သူ ဘယ်လို ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့ကြောင်း သူမကို ပြောပြခဲ့သည်။

ချောမောသော အမျိုးသားများကို သူမ လက်ဆောင်ရတဲ့နေ့ ရောက်လာမည်ဟု မတွေးခဲ့မိပေ။ ထို့အပြင် ၁ ယောက်၊ ၂ ယောက်လည်း မဟုတ်ဘဲ ၆ ယောက်တောင်။

သူမရဲ့ ပုံစံသည် ဟန်မပျက်သော်လည်း ပြီးပြည့်စုံသော မျက်နှာပေါ်မှာ လူရှိန်စရာ အရှန်အဝါ တစ်မျိုး ရှိနေကာ တခြား လူများကို သူမအား တည့်တည့် ကြည့်အောင် ခြိမ်းခြောက်လိုက်သလို ဖြစ်သွားလေသည်။ " မင်းတို့ကို ဘယ်သူ လွှတ်လိုက်တာလဲ။ "

သူမက ဒေါသ ထွက်မနေပေမဲ့ အခြား လူများက ရှင်းပြလို့ မရတဲ့ ဖိအားခံစားချက် တစ်မျိုးကို ခံစားနိုင်သေးသည်။ သူတို့ အသက်တောင် ကျယ်ကျယ် မရှူရဲကြဘဲ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြကာ နောက်ဆုံးတော့ သိမ်မွေ့ကျိုးနွံ့ပုံ အပေါ်ဆုံး တစ်ယောက်က အားလုံးကိုယ်စား ပြောပြသည်။ " ဘော့စ်စုနဲ့ ဘော့စ်တု လွှတ်လိုက်တာပါ။ ခင်ဗျားရဲ့ လက်ထောက် နေရာ ယူပေးဖို့ ကျွန်တော်တို့ ဒီမှာ ရှိနေရမယ်လို့ သူက ပြောတယ်။ "

လူငယ်လေးက အလွန် ကျိုးနွံ့ပုံ ပေါ်ကာ သူ့မျက်လုံးများက ထွင်းဖောက်မြင်နိုင်သော ရေလို ကြည်လင်နေသည်။ သူက ခွေး သေးသေးလေး တစ်ကောင်နှင့် တူပြီး သူ့ကို ဒေါသမထွက်သင့်ပုံ ရသည်။

ကံမကောင်းစွာဖြင့် ရုပ်ရည် ချောမောသော အမျိုးသားများနဲ့ ပတ်သက်လာရင် ဖန့်ကျွင်းရုံမှာ မြင့်မားသော သည်းခံနိုင်စွမ်း ရှိနေပါသည်။

သူမက ရှုဝေဝေကို ဖျတ်ခနဲ ကြည့်လိုက်သည်။ " ငါတို့မှာ လောလောဆယ် လက်ထောက် အသစ်တွေ ခန့်ဖို့ အစီအစဉ် ရှိလို့လား။ " ဒီလူတွေကို လက်ထောက် တာဝန် ယူပေးဖို့ ဒီနေရာ လွှတ်လိုက်တာမှ မဟုတ်တာ။ သူတို့ကို သူမရဲ့ အိပ်ရာထဲ တန်းတန်းမတ်မတ် ရောက်သွားစေဖို့ ရည်ရွယ်ချက်နဲ့ လွှတ်လိုက်တာ အသိအသာပင်။

ဆွဲဆောင်မှု ရှိသော အမျိုးသား၊ အမျိုးသမီးများကို သူမ သဘောကျသော်လည်း လက်ရှိ အချိန်မှာတော့ ဘယ်သူနဲ့မှ တွဲချင်စိတ် မရှိပါဘူး။

ဖန့်ကျွင်းရုံက ချစ်သူကို ငွေကြေးအရ အထောက်အပံ့ ပေးပြီး လက်တွဲခြင်းမျိုးကို အမြဲ မုန်းတီးခဲ့တာမို့ မူလအားဖြင့် သူမ ကိုယ်တိုင် အဲ့လို အရာမျိုး လုပ်မှာ မဟုတ်ပေ။ စုထန်း ဘာတွေ ကြံစည်နေလဲ ဆိုတာ သူမ တွေးမိသွားသည်။ အမျိုးသား ငယ်ငယ်ချောချောလေးများကို သူမထံ လွှတ်လိုက်ပါက သူမ၏ ဒေါသကို သူ ဖြေဖျောက်နိုင်လိမ့်မည်ဟု တွေးနေတာ ဖြစ်မည်။ ပြောရရင် သူမမှာ ကောင်လေး ချောချောလေးများကို သဘောကျပြီး သူတို့ အတွက် ပိုက်ဆံ ပုံအော သုံးပေးတတ်တယ် ဆိုတဲ့ ဂုဏ်သတင်း ရှိခဲ့ဖူးပါသည်။ ဒါပေမဲ့ ဘော့စ်တု ဆိုတာ ဘယ်သူကြီးလဲ။

ရှုဝေဝေနဲ့ ဖန့်ကျွင်းရုံသည် တစ်ယောက်နဲ့တစ်ယောက် နီးစပ်ရင်းနှီးကြသည်။ သူမတို့ နှစ်ယောက်ဟာ ကောလိပ် နေ့ရက်တွေကလည်းက သူငယ်ချင်းတွေ ဖြစ်ခဲ့တာ ဖြစ်သည်။ ထိုအချိန်တုန်းက သူမက ဖန့်ကျွင်းရုံကို တွေ့ချင်ရုံ သက်သက်နဲ့ အိမ်လည်ဖိတ်လေ့ရှိသည်။ သူငယ်ချင်းတွေ ဆိုတာ အဲ့လို နည်းလမ်းနဲ့ တောင်စဉ်ရေမရ ကိစ္စ သေးသေးမွှားမွှားလေးတွေ လုပ်ရင်း အချိန် ကုန်ဆုံးတတ်ကြသည်။

ဖန့်ကျွင်းရုံကို အခက်တွေ့အောင် လုပ်ရန် သူမ အစီအစဉ်မရှိသောကြောင့် ရေလိုက်ငါးလိုက်လေး ပြန်ပြောလိုက်သည်။ " အင်း၊ ဝန်ထမ်းသစ် ခန့်တာ အရင် လ အထိပါပဲ။ ငါတို့မှာ လောလောဆယ် လူသစ် ခန့်ဖို့ အစီအစဉ် မရှိဘူး။

" အိုး .. ဟုတ်သားပဲ။ မင်းတို့ ဘယ်ကောလိပ်တွေ တက်ခဲ့ကြတာလဲ။ 985 လား။ "

ဖန့်ကျွင်းရုံ၏ လက်ထောက်များသည် 985 တက္ကသိုလ် တစ်ခုခုကနေ ဘွဲ့ရရှိထားရမည် ဖြစ်ပြီး ရေးဖြေ စာမေးပွဲနဲ့ အတူ အခြား အဆင့်များကိုလည်း အောင်မြင်ထားရမည်။

အမျိုးသားငယ် ၆ ယောက်လုံး ချက်ချင်း ဆွံ့အသွားကြသည်။ ဒီကို မလာခင် သူတို့ကို ပြောခဲ့တာ ထိုအရာ မဟုတ်ပေ။

သူတို့ရဲ့ ကြောက်ရွံ့သွားသော မျက်နှာများကို ကြည့်ပြီး သူတို့နဲ့ အငြင်းအခုံ လုပ်နေဖို့ ရူးမိုက်ရာ ကျသည်ဟု ဖန့်ကျွင်းရုံ ခံစားလိုက်ရသည်။ နောက်ဆုံးမှာတော့ သူတို့က တခြား လူ အသုံးပြုတာ ခံခဲ့ရတဲ့ နယ်ရုပ်ကလေးတွေသာ ဖြစ်ပါတယ်။

သူမ တည်ငြိမ်စွာ ပြောလိုက်သည်။ " မင်းတို့ အစကတည်းက စာချုပ်တွေမှာ လက်မှတ်ထိုးပြီးသား မဟုတ်လား။ "

" ဟုတ်ပါတယ်။ "

" ဘယ်ကုမ္ပဏီလဲ။ "

" ဝမ်ရှား အန်တာတိန်းမန့်ပါ။ "

ဖန့်ကျွင်းရုံက မျက်ခုံးပင့်ကာ ရှုဝေဝေကို လှမ်းကြည့်လိုက်သည်။

သူတို့ နှစ်ယောက် အကြည့်ချင်း ဖလှယ်ပြီးနောက် ဖြစ်ပျက်နေသော အခြေအနေကို တွက်ဆမိသွားကြသည်။ ဝမ်ရှား အန်တာတိန်းမန့် ...... ဒီကုမ္ပဏီက အရင်တုန်းက သူမကို အပုပ်ချတဲ့ ကမ့်ပိန်း တစ်ခုမှာ ပါဝင်ခဲ့နိုင်တယ်။ ထို့ကြောင့် သူတို့ရဲ့ ဘော့စ်က သူမကို ဒီလို လက်ဆောင် တစ်ခု ပို့ပေးဖို့ စုထန်းနဲ့ ပူပေါင်းခဲ့တာပင်။

ဝမ်ရှား အန်တာတိန်းမန့်က အသင့်အတင့် ကြီးမားသော ကုမ္ပဏီ တစ်ခုဖြစ်ကာ ပရိသတ် များစွာ ပိုင်ဆိုင်ထားသည့် အိုင်ဒေါ်များ၊ ကြယ်ပွင့်များကို စင်တင်ပေးသည့်အတွက် လူသိများသည်။

လတ်တလော ပရိသတ်တွေ အများကြီး ရှိနေသော ရှန်းဟော် ဆိုတဲ့ ကြယ်ပွင့်လေးသည်လည်း သူတို့ရဲ့ ကုမ္ပဏီမှ ဖြစ်လေသည်။

သူမ ပြတင်းပေါက်ဆီ လျှောက်သွားကာ အောက်ဘက်က ကားတန်းများကို ကြည့်လိုက်သည်။ သူမက အေးစက်သော အကြည့်နဲ့ ဖုန်းထုတ်ကာ ဝမ်ရှား၏ ဘော့စ်ကို ဖုန်းဆက်လိုက်သည်။

" ဒါ မမိုက်ဘူးနော် ဘော့စ်တု။ ရှင် ကျွန်မကို လက်ဆောင်တွေ ပို့လိုက်တာလား၊ ဒါမှမဟုတ် ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ သူလျှိုတွေ လာလွှတ်ထားတာလား။ ရှင် သူတို့နဲ့ အတူ သူတို့ရဲ့ စာချုပ်တွေကိုတောင် ထည့်မပေးလိုက်ဘူး။ ဒါကို ရိုးသားမှုလို့ ရှင် ခေါ်တယ်လား။ "

" ကျွန်မ သူတို့ကို ပြန်လွှတ်လိုက်မယ်။ ကျွန်မ ဒီစကားကို ပြောဖို့ ရှင်စောင့်နေတယ် ထင်တယ်။ "

သူမက အမျိုးသား ၆ ယောက်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။ " ဝမ်ရှားက မင်းတို့ရဲ့ စာချုပ်တွေကို ရပ်စဲဖို့ မကြာခင် တစ်ယောက်ယောက် လွှတ်ပေးလိမ့်မယ်။ " သူမက သူတို့ကို ထွက်သွားဖို့ ပြောရန် ပြင်လိုက်သော်လည်း စိတ်ပြောင်းသွားကာ ပြောလိုက်သည်။ " ငါ့သမီးမှာလည်း အန်တာတိန်းမန့် ကုမ္ပဏီ တစ်ခု ရှိတယ်။ မင်းတို့ သူမနဲ့ စာချုပ် ချုပ်ချင်ကြလား။ "

***

## အခန်း ( ၃၅၂ )
## "ရှင် ကျွန်မအပေါ် ခံစားချက် ရှိနေတာလား" ( ၂ )

*

ဤလူ အနည်းငယ်မှာ အကြည့်မလွဲချင်စရာ ရုပ်ရည်များနဲ့ တစ်ယောက်ချင်းစီ ကိုယ်ပိုင် ညို့ဓာတ်များ ရှိကြသည်။

ဝမ်ရှား ပို့ပေးရဲတဲ့ ဘယ်သူမဆို အရည်အချင်း မရှိဘဲ နေမှာ မဟုတ်ပါဘူး။

သူမ သူတို့ကို ကျုံးရီထံမှာလည်း ညွှန်းပေးလို့ရသည်။ လောလောဆယ် ကျုံးရီရဲ့ လက်အောက်မှာ ရမ်တုန်းကျစ် တစ်ယောက်တည်းပဲ ရှိနေတာပါ။ သူမ နောက်ထပ် လူ အနည်းငယ် သေချာပေါက် ထပ်လိုလိမ့်မယ်။

အင်း ... ဖန့်ကျွင်းရုံ ဒါကို စည်းကမ်းတစ်ခုအဖြစ် လုပ်နိုင်တယ်။ အနာဂတ်မှာ သူမဆီ လက်ဆောင် အနေနဲ့ ပို့ပေးလိုက်တဲ့ အမျိုးသား ချောချောလေးတိုင်းကို ကျုံးရီ၏ ကုမ္ပဏီထံ တန်းလွှဲပေးနိုင်သည်။

" ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ "

သူတို့က သူမရဲ့ ကမ်းလှမ်းချက်ကို အံ့ဩစရာကောင်းစွာ ခပ်မြန်မြန် လက်ခံလိုက်ကြသည်။

အခက်အခဲ အများကြီး ရှိပုံ မပေါ်ပေ။ အင်တာတိန်းမန့်ကြီး တစ်ခု ဖြစ်တဲ့ ဝမ်ရှားနဲ့ ယှဉ်လိုက်ရင် ကျုံးရီရဲ့ ကုမ္ပဏီက ဘာမှ မဟုတ်မှန်း လူတစ်ယောက်ဟာ စိတ်ထဲမှာ သိထားရပါမည်။ သူမရဲ့ စိတ်ကူးကို သူတို့ သဘော

မကျပါက ဒီတိုင်း ပြန်လွှတ်ပေးဖို့ ဖန့်ကျွင်းရုံ စီစဉ်ထားခဲ့တာ ဖြစ်သည်။

သူတို့ကို အစည်းအဝေးခန်းရဲ့ ဘေးခန်းမှာ စောင့်ခိုင်းထားလိုက်ပြီး သူမရဲ့ ကိုယ်ပိုင် ရုံးခန်းထဲသို့ ပြန်လာခဲ့လိုက်သည်။ သူမ ဒီထိ ရောက်နေခဲ့ပြီမို့ အချိန်ရှိတုန်း အလုပ် တချို့ လုပ်နိုင်သည်။

ကျုံးရီကို ဖုန်းဆက်ပြီး ဒီအကြောင်း ဆွေးနွေးဖို့လည်း သူမ မမေ့လျော့ခဲ့ပေ။ ကျုံးရီက တက်တက်ကြွကြွ သဘောတူခဲ့သည်။

ဒီလူတွေ ကျုံးရီရဲ့ ကုမ္ပဏီမှာ ပြဿနာ ရှာမှာကို ဖန့်ကျွင်းရုံ မစိုးရိမ်ပါဘူး။ သူတို့ စာချုပ်လက်မှတ်ထိုးပြီးသည်နှင့် သူတို့ရဲ့ကိုယ်ပိုင် အနာဂတ် အကျိုးအတွက် တစ်ခုခု မလုပ်မီ နှစ်ခါပြန် စဉ်းစားကြလိမ့်မည်။

အထူးသဖြင့် ' ထူးကဲသာလွန် စီးပွားရေး စွမ်းဆောင်ရှင် ' ဂုဏ်ပုဒ်ကို သူမ ရရှိပြီးနောက်ပိုင်း အတိတ်တုန်းက သူမကို ပြဿနာ ရှာခဲ့ကြသူ များစွာသည် အခုတော့ ပင်ဂွင်းလေးတွေလို သိမ်မွေ့သွားခဲ့ကြပြီ ဖြစ်သည်။ သူတို့ထဲက လက်ချိုး ရေလို့ ရသော အနည်းငယ်ပဲ စုထန်းလို အသိဉာဏ် မဲ့ကြသည်။

ဘေးခန်းထဲတွင် အမျိုးသား ၆ ယောက်က ထိုင်စရာ ရှာတွေ့သွားပြီး ထိုင်လိုက်ကြသည်။

" ဟေ့ .. ကျန်းရှော။ ငါတို့ ဒီလိုမျိုး အလုပ်ရှင်ကို အလွယ်တကူ ပြောင်းလိုက်တော့မလို့လား။ "

ကျန်းရှောလို့ အမည်ရသော အမျိုးသားငယ်က ဖန့်ကျွင်းရုံရဲ့ အရှေ့မှာ တုန်းကလို သိမ်းမွေ့ကျိုးနွံပုံ မပေါ်တော့ပေ။

သူ တည်ငြိမ်စွာ ပြောလိုက်သည်။ " အဲဒါ ကောင်းတဲ့ အရာပဲ မဟုတ်ဘူးလား။ ငါတို့ရဲ့ အေးဂျင့်က ငါတို့ကို အရက်သောက် ပါတီပွဲတွေဆီ ခေါ်သွား

မှာ ဆက်စိုးရိမ်စရာ မလိုတော့ဘူး။ ငါ့ကို အဲ့လို မပြောစမ်းပါနဲ့။ "

အရည်အချင်းပြပွဲ တစ်ခု အပြီးတွင် သူတို့ အားလုံး ဝမ်ရှားနဲ့ စာချုပ် ချုပ်ခဲ့ကြသော်လည်း ကျွမ်းကျင်ပါးနပ်မှု မရှိခြင်းကြောင့် စာချုပ်မှာ ခြေချုပ်မိသွားမှန်း သူတို့ နားမလည်ခဲ့ကြပေ။

နှစ်တွေ ကြာအောင် ကြိုးကြိုးစားစား လေ့ကျင့်ခဲ့ပေမဲ့ ပွဲဦးထွက်ဖို့ အခွင့်အရေးကတော့ ဘယ်တော့မှ ရောက်မလာခဲ့ပါဘူး။

အဲဒီ အစား သူတို့ကို သူတို့ရဲ့ အေးဂျင့်များက ကော့တေးလ် ပါတီတွေဆီ ခေါ်သွားခဲ့ကြသည်။ သူတို့ရဲ့ စာချုပ်တွေကို ဖျက်သိမ်းဖို့ လိုအပ်တဲ့ ငွေကြေးလည်း သူတို့မှာ မရှိခဲ့ကြဘူး။

ဒီနယ်ပယ်ထဲမှာ ဘယ်သူကရော တစ်နေ့ကျ ကြယ် တစ်ပွင့် ဖြစ်လာဖို့ စိတ်ကူး မယဉ်ဘဲ နေလို့လဲ။ ထို့ကြောင့် သူတို့ အံကြိတ်ရင်း တောင့်ခံခဲ့ကြသည်။ သူတို့ရဲ့ အထင်ကြီးစရာ ရုပ်ရည်များနဲ့ ကိုယ်ရည်ကိုယ်သွေးကြောင့် ဖန့်ကျွင်းရုံကို အသုံးတော်ခံဖို့ ရွေးချယ်ခံခဲ့ရသည်။

သေချာတာပေါ့။ ရွေးချယ်စရာ ပေးလာတဲ့အခါ သူတို့ ဖျော်ဖြေပေးရမယ့် လူက တခြား လူတွေထက် ဖန့်ကျွင်းရုံ ဖြစ်နေတာကို ပိုကြိုက်တယ်။

သူမက လှပရုံသာမက ဂုဏ်သတင်းကောင်းလည်း ရှိသည်။ သူတို့သာ သူမနဲ့တွဲနိုင်လျှင် အနည်းဆုံးတော့ သူတို့၏ကုမ္ပဏီက သူတို့ကို ပိုကောင်းကောင်း ဆက်ဆံပေးလိမ့်မည်။ ဖန့်ကျွင်းရုံဟာ စကားလေး အနည်းငယ်နဲ့ သူတို့ကို သူတို့ရဲ့စာချုပ်တွေကနေ လွှတ်ပေးနိုင်လိမ့်မယ်လို့ ကျန်းရှော မျှော်လင့်မထားခဲ့ပေ။

ဒါက သူ့အခွင့်အရေး ဖြစ်နိုင်သည်ဟု ခံစားရသည်။ သူ့ဘဝမှာ အပြောင်းအလဲတွေ ဖြစ်လာနိုင်ပြီး အရာအားလုံး ကျရှုံးသွားလျှင်တောင်

သူ အခု ရောက်နေတဲ့ နေရာထက် ပိုမဆိုးဝါးနိုင်တော့ပါဘူး။

" မင်း မှန်တယ် ကျန်းရော။ အသိုင်းအဝိုင်းထဲမှာ ရမ်တုန်းကျစ်ကို လူတွေ ဘယ်လောက် စိတ်ဝင်စားကြလဲ ဆိုတာပဲ ကြည့်လိုက်၊ အဲဒါတောင် ငါတို့ သူ့ကို ဘယ်ကော့တေးလ် ပါတီမှာမှ တစ်ခါမှ မတွေ့ဖူးဘူး။ သူ လုပ်ရမယ့် အရာ အားလုံးက သူ့အယ်လ်ဘမ်ကို အာရုံစိုက်နေဖို့ပဲ။ "

လူသားတစ်ယောက်လို ရှင်သန်ဖို့ ရွေးချယ်ခွင့် ရှိနေပါရက်နဲ့ ဘယ်သူက များ ခွေး တစ်ကောင်လို ရှင်သန်ချင်မှာလဲ။ သူတို့ချင်း သီးသန့် ရှိနေချိန်မှာ ရမ်တုန်းကျစ် အကြောင်းကို ပြောတိုင်း သူ့ကို သူတို့ အမြဲ အားကျ မနာလိုခဲ့ ရသည်။

***

ဝမ်ရှား အန်တာတိန်းမန့်ရဲ့ ကိုယ်စားလှယ်တစ်ယောက် အလျင်အမြန် ရောက်လာကာ ၆ ယောက်လုံးကို သူတို့ရဲ့ စာချုပ်တွေကနေ လွှတ်ပေးလိုက် ကြသည်။ ကျုံးရီလည်း လူကိုယ်တိုင် ရောက်လာပြီး သူတို့နဲ့ စာချုပ် ချုပ်ဆို ခဲ့သည်။

ထို့နောက် သူမက သူတို့၏ လယ်ဗယ်များကို နောက်ထပ် ရက် အနည်းငယ် ကြာအောင် အကဲဖြတ်နေခဲ့ကာ နောက်ဆုံးတွင် အဆို ဖြစ်စေ၊ အက ဖြစ်စေ .. သူတို့ အကုန်လုံးဟာ ပျှမ်းမျှ အထက်မှာ ရှိကြောင်း ဖန့်ကျူ င်းရုံကို ပျော်ရွှင်စွာ လာပြောပြခဲ့သည်။

သူတို့က စင်မြင့်ကိုလည်း ဝါးမျိုသိမ်းပိုက်နိုင်ပြီး ဘယ်အချိန်မဆို ပွဲဦးထွက်နိုင်နေကြပါပြီ။

ထပ်ပြောရမည် ဆိုလျှင် သူတို့ အားလုံး အလုပ် ကြိုးစားသူတွေ ဖြစ်လျက် လေ့ကျင့်ရေးက ဘယ်လောက် ပင်ပန်းကြမ်းတမ်းပါစေ၊ ဘာမှ မညည်းညူ

ကြပေ။ သူမက သူတို့ကို ရတာ သူမ ကံကောင်းသည်ဟု ပြောသည်။

သူမသည် သူတို့ကို အဖွဲ့ တစ်ဖွဲ့ အဖြစ် ဖွဲ့ပေးကာ သူတို့ အတွက် ပွဲဦးထွက်နိုင်မည့် အချိန်ကောင်းကို စီစဉ်နေခဲ့သည်။

သူတို့ အတွက် နေရာမှန် တစ်ခုကို သူတို့ ရှာဖွေနိုင်ပါက သူတို့ အလွန် နာမည်ကြီးလာမည် ဆိုတာ သူမ သေချာသည်။

ဖန့်ကျွင်းရုံ တစ်ယောက် ဟက်ဟက်ပက်ပက် မရယ်မိဘဲ မနေနိုင်ပေ။

သူမ ထိုအကြောင်းကို ကြားရတာ ဝမ်းသာပါသည်။ ဤအဖွဲ့က အမှန် တကယ် နာမည်ကြီးလာပြီး သူတို့ ကုမ္ပဏီအတွက် ငွေလုပ်စက်တစ်လုံး ဖြစ်လာလျှင် ဝမ်ရှား အန်တာတိန်းမန့်ရဲ့ ဘော့စ်တု သွေးအန်သွားလောက် သည်။

အဲဒီ အကြောင်းပြချက် တစ်ခုတည်း အတွက်ပင် သူတို့ အောင်မြင် ကျော်ကြားလာဖို့ သူမ တကယ် မျှော်လင့်သည်။

ဖန့်ကျွင်းရုံ၏ နှုတ်ခမ်းများ အနည်းငယ် ကွေးညွှတ်သွားပြီး ပြောလိုက် သည်။ " ဒါမှမဟုတ် မေမေတို့တွေ လူငယ် အိုင်ဒေါ ဒရာမာအတွက် ဇာတ်ညွှန်း ဝယ်ဖို့ ပိုက်ဆံ တချို့ သုံးလိုက်လို့ ရတာပဲ၊ ပြီးတော့ သူတို့ကို ဇာတ်ကောင်နေရာ တချို့ ယူခိုင်းလို့ ရတယ်။ သူတို့ အမျိုးသား ဇာတ်လိုက် ဖြစ်ဖို့ မလိုပါဘူး၊ လူထုကို ဖျော်ဖြေနိုင်မယ့် ဘယ်လို ဇာတ်ကောင်နေရာမျိုး မဆို သူတို့အတွက် ပရိသတ်တွေ စပြီး ယူလာပေးလိမ့်မယ်။ "

ထိုအရာက သူမရဲ့ အကြံပြုချက် ဖြစ်ကာ ထိုအတိုင်း သွားချင်လား ဆိုတာ ကတော့ ကျုံးရီ အပေါ်မှာပဲ မူတည်ပါသည်။

***